## မြန်မာ-တရုတ်နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ

( ၁၄ - ၁ -၂၀၂၃)

၁။ မြန်မာ-တရုတ်နယ်စပ်ဝင်ထွက်ဂိတ်များမှ ဝင်ရောက်လာသည့်ခရီးသွားများတွင် အောက်ပါ စာရွက်စာတမ်း/ အထောက်အထားများ တင်ပြရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် အောက်ပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် တစ်မျိုးမျိုးကို မြန်မာနိုင်ငံသို့ ဝင်ရောက်သည့်နေ့ရက် မတိုင်မီ လွန်ခဲ့သော (၁၄) ရက်ကျော်က အကြိမ်ပြည့်ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်-

- CoronaVac (Sinovac Biotech Ltd.)၊
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))၊
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech)၊
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)၊
- Moderna (ModernaTX, Inc.)၊
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd)၊
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech

- Myancopharm by Ministry of Industry, Myanmar
- Nuvaxovid (NVX-CoV2373) vaccine, Novavax Co.Ltd
- Covovax, Serum Institute of India Pvt Ltd
- CorBEvaxTM , Biological E Limited
- COMIRNATY®, BioNTech Manufacturing GmbH
- COMIRNATY®Original/Omicron BA.1, BioNTech Manufacturing GmbH
- VAXZEVRIA, AstraZeneca AB / SK Bioscience Co. Ltd
- COVISHIELD™, Serum Institute of India Pvt. Ltd
- COVID-19 Vaccine, Janssen-Cilag International NV
- SPIKEVAX, Moderna Biotech
- CONVIDECIA, CanSino Biologics Inc

[အသက် (၁၂) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

(ခ) မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူတိုင်း ဝင်ရောက်ချိန်မတိုင်မီ (၄၈) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့်စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ

[အသက် (၁၂) နှစ်အောက် ကလေးများကို ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေနှင့် စစ်ဆေးသည့် နေ့ရက်ကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူ အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

၂။ ခရီးသွားများအနေဖြင့် စာပိုဒ် ၁ တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/အထောက်အထားအသီးသီး၏ မိတ္တူတစ်စုံစီကို မြန်မာ-တရုတ်နယ်စပ်ဝင်ထွက်ဂိတ်ရှိ ကျန်းမာရေးအရာရှိများကို ပြသရမည်။

၃။ ခရီးသွားများအနေဖြင့် ကျန်းမာရေးကြေညာချက် (Health Declaration Form) ကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် မြန်မာ-တရုတ်နယ်စပ်ဝင်ထွက်ဂိတ်ရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။

[ကျန်းမာရေးကြေညာချက်တွင် မည်သည့်အချက်အလက်ကိုမဆို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။]

၄။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ချိန်တွင် မြန်မာ-တရုတ်နယ်စပ် ဝင်/ထွက်ဂိတ်ရှိ ကျန်းမာရေးအရာရှိများက ဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေး စစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅။ ခရီးသွားများတွင် ကိုယ်အပူချိန်မြင့်တက်ခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ တွေ့ရပါက RDT နည်းဖြင့် စစ်ဆေးမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါရှိကြောင်း တွေ့ရှိလျှင် ၎င်းတို့ကို ကျန်းမာရေးအစီအမံများနှင့်အညီ ချက်ချင်း သီးခြားထားရှိမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် .ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာ (သို့မဟုတ်) ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကုသရေးလုပ်ငန်းလမ်းညွှန်များအတိုင်း ကုသမှု ခံယူရမည်။

၆။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ခရီးသွားများအနေဖြင့် မိမိတို့ရောက်ရှိရာဒေသရှိ ကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်။

၇။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်းမပြုမီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်လိုပါက ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများတွင် မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၈။ နိုင်ငံခြားသားခရီးသည်များအနေဖြင့် အသွားအလာကန့်သတ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးမှုနှင့် ဆေးကုသမှု ကုန်ကျစရိတ်များအား ကျခံရမည်ဖြစ်ပါသည်။ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတကာဝန်ထမ်းများနှင့်မိသားစုဝင်များအား Home Quarantine ခွင့်ပြု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉။ ခရီးသည်များအနေဖြင့် မြန်မာ-တရုတ်နယ်စပ်ဝင်ထွက်ဂိတ်အာဏာပိုင်နှင့် သက်ဆိုင်ရာကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်ဖြစ်ပြီးနှင့် လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်။

၁၀။ မြန်မာနိုင်ငံသို့ နိုင်ငံတော်အဆင့် လာရောက်သော နိုင်ငံတော်အဆင့် ဧည့်သည်တော်များ (သို့မဟုတ်) နိုင်ငံခြားကိုယ်စားလှယ်တော်များအနေဖြင့် ဆိုက်ရောက်မည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ရက် အနည်းဆုံး (၅) ရက် ကြိုတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ထံသို့တင်ပြ၍ အထက်ပါ သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့် တောင်းခံနိုင်သည်။

၁၁။ ဤသတ်မှတ်ချက်များသည် အချိန်နှင့်တပြေးညီ ပြောင်းလဲမှုရှိနိုင်ပါသည်။

၁၂။ ဤသတ်မှတ်ချက်များသည် ၁၄ - ၁ - ၂၀၂၃ ရက်နေ့၊ မြန်မာစံတော်ချိန် ၀၀:၀၁ နာရီမှစတင် သက်ဝင်မည် ဖြစ်ပါသည်။